# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

## သတ္တမနေ့အစီအစဉ်

## [၄-၇-၂၀၁၃] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးကျော်မြင့်၊ နောင်ချို မဲဆန္ဒနယ်၏ **လုံရုံးအုပ်စု၊ လောက်ဖန်း ကျေးရွာအတွက် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန် နှင့် မည်သည့်အချိန်ကာလတွင် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးတင်မောင်ဝင်း၊ မင်္ဂလာဒုံ မဲဆန္ဒနယ်၏ **ထောက်ကြန့်မြို့တွင် ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီး ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိ နှင့် မည်သည့်ကာလတွင် စတင်ဆောင်ရွက်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးစိုးစိုး၊ ထီးချိုင့် မဲဆန္ဒနယ်၏ **လူငယ်အချို့ "ကော်" ရှူသုံးစွဲခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနက ဥပဒေပေါ်ထွက်ရေး ဆောင်ရွက်သွားမည့် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **၁၉၉၄ ခုနှစ်မှ စတင်၍ ဖွင့်လှစ်ခဲ့သော သူနာပြုတက္ကသိုလ်၊ ဆေးဝါးတက္ကသိုလ်နှင့် ဆေးဘက်ဆိုင်ရာ နည်းပညာ တက္ကသိုလ်တို့ကို ယနေ့အထိ တက်ရောက် အောင်မြင်ခဲ့သည့် အရေအတွက် နှင့် ရာထူးတာဝန်များဖြင့် ခန့်ထားမှု** နှင့်စပ်လျဉ်းသည့် မေးခွန်း။

( င) ဦးခင်မောင်မြင့်၊ ရပ်စောက် မဲဆန္ဒနယ်၏ **ရပ်စောက်မြို့နယ်၊ အင်းတော မြို့နယ်ခွဲ၊ ကျောက်ကူကျေးလက်ကျန်းမာရေးဌာနကို ကျောက်ကူ တိုက်နယ် ဆေးရုံအဖြစ် အဆင့်မြှင့်တင် တည်ဆောက် နိုင်ရေးအတွက် ခွင့်ပြုရန်ပုံငွေ ရရှိရေး ဆောင်ရွက်ပေးနိုင်ပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးသိန်းထွန်းဦး၊ အမရပူရ မဲဆန္ဒနယ်၏ **မန္တလေးပြည်သူ့ဆေးရုံကြီးရှိ အထွေထွေအခက်အခဲတို့အား ပြုပြင်ပြောင်းလဲရန် မည်ကဲ့သို့ စီမံဆောင် ရွက်မည်နှင့် မည်သည့်အချိန်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည်တို့** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးကိုကြီး၊ အောင်မြေသာစံ မဲဆန္ဒနယ်(ကိုယ်စား) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်၏ **အဆင့်မီသော မြွေဆိပ်ဖြေဆေး လုံလောက်စွာ ဝယ်ယူ ရရှိရေး နှင့် အဆင့်မမီသော မြွေဆိပ်ဖြေဆေးများ ဝယ်ယူမသုံးစွဲမိအောင် မည်ကဲ့သို့ ကာကွယ်တားဆီး** သင့်သည်တို့ နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဒေါက်တာမောင်မောင်ဝင့်၊ ဗဟန်း မဲဆန္ဒနယ်၏ **လှည်းကူးမြို့နယ်၊ ရွာသာကြီးရှိ အသည်းရောင်ဘီရောဂါ ကာကွယ်ဆေးထုတ် စက်ရုံ၏ လက်ရှိ လည်ပတ် နိုင်မှုနှင့် ကာကွယ်ဆေးထုတ်လုပ် နိုင်မှုစွမ်းအားတို့အား မည်သို့ ဆက်လက် ဆောင်ရွက်ရန် အစီအစဉ် ရှိသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဈ) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **လွှတ်တော်များအနေဖြင့် နှစ်စဉ် ဘဏ္ဍာရေးအသုံးစရိတ်များအထဲမှ လိုအပ်ချက်များကို ဆောင်ရွက်ပေးလျက် ရှိရာ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လွှတ်တော်မှတစ်ဆင့် ပြည်သူသို့ ပြောကြားပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ည) ဦးမြင့်စိုး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **၂၀၁၅ ခုနှစ်၊ AFTA သို့ ဝင်ရောက် တော့မည်ဖြစ်ရာSME လုပ်ငန်းများအနေဖြင့် အထောက်အကူ ဖြစ်ရန်အတွက် ဘဏ်ချေးငွေများကို တစ်နှစ်လျှင် တစ်ရာခိုင်နှုန်း ကောက်ခံမှုအား ပယ်ဖျက် ပေးနိုင်ခြင်း ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းသော **"ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်း ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီ အလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးသတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။